ဒီဇဘ်ာ (၁၁)ရက်၊ ၂၀၁၂ ခုနှစ်

## မိုလိုအမျိုးသမီးများ သတ္တုတွင်းစောင့်ကြည့်လေ့လာရေးကွန်ယက်၏ သတင်းထုတ်ပြန်ချက်

### အစီရင်ခံစာအသစ်- ပျက်စီးမှုဖြစ်စေသည့် ကရင်နီပြည်နယ်အတွင်း ခဲမဖြူသတ္တုတွင်းလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ခြင်းကို ရပ်တန့်ရန် အမျိုးသမီးများ တောင်းဆိုခြင်း

ကရင်နီပြည်နယ်တောင်ပိုင်းဒေသရှိ မော်ချီးခဲမဖြူသတ္တုတွင်းလုပ်ငန်းများကြောင့် သဘာဝပါတ်ဝန်းကျင်နှင့် လူမှုဘဝ ပျက်စီးမှုဖြစ်ပေါ်စေခြင်းနှင့် သတ္တုတွင်းလုပ်ငန်းအသစ်ထပ်မံ တိုးချဲ့ခြင်းအစီအစဉ်များကို ရပ်စဲသင့်ကြောင်း ဒေသခံအမျိုးသမီးများကွန်ယက်မှ အစီရင်ခံစာသစ်တွင် တောင်းဆိုထားပါသည်။

မိုလိုအမျိုးသမီးများ သတ္တုတွင်း စောင့်ကြည့်လေ့လာရေးကွန်ယက်၏***သတ္တုတွင်းလုပ်ငန်းကြောင့် ဘုံပျောက်လာသည့် မော်ချီးဒေသခံများ-*** အစီရင်ခံစာတွင် ကေပေါင်း( ၃၀၀၀) အကျယ်အဝန်းခန့်ရှိ ရာနှင့်ချီ သောသတ္တုကျင်းတူးဖေါ်ရေးလုပ်ငန်းများကြောင့် မြေပြိုမှုများ၊ရေညစ်ညမ်းမှုများနှင့် သစ်တောပြုန်းတီးမှုများ ဖြစ်ပွားကာ ဌါနေရွာသားပေါင်း (၄၅၀၀) ခန့် အပေါ် သက်ရောက်ထိခိုက်မှုဖြစ်စေပါသည်။

ကျန်းမာရေးပြဿနာများ၊ ယာမြေပျောက်ဆုံးခြင်းပြဿနာများနှင့် မော်ချီးမှ သံလွင်မြစ်အတွင်း စီးဝင်သွားသည့် မိုလိုချောင်းအပါအဝင် ရေအရင်းအမြစ် လျော့နည်းကျဆင်းမှုများကြောင့် အမျိုးသမီးများအပေါ် အထူးထိခိုက် သက်ရောက်စေပါသည်။ အမျိုးသမီးအများအပြား သတ္တုတွင်းအဝန်းအဝိုင်းတွင် ကျောက်ကပ်ကောက်ခြင်းဖြင့် ဘဝတွင် ရှိတာလေးနှင့်လောက်ငအောင် ရှာဖွေစားသောက်နေကြရပါသည်။

၂၀၁၂ ခုနှစ်၊ဩဂုတ်လတွင် ကမ္ဘာ့ခဲမဖြူဝယ်လိုအားမြင့်မားလာသည်နှင့်အညီ သတ္တုတွင်းလုပ်ငန်းတိုးချဲ့ရန် အစိုးရအစီအစဉ်များကို ထုတ်ဖေါ်ပြောကြားလာခဲ့ခြင်းအပေါ် ဒေသခံလူထုများ အလွန်စိုးရိမ်လာနေကြသည်။ ဤသတ္တုတွင်းကို အမှတ်-၂ သတ္တုတွင်းဝန်ကြီးဌါနနှင့် အစိုးရပိုင် ဦးပိုင်ကုမ္ပဏီလီမိတက်မှ ပူးတွဲချုပ်ကိုင်ပြီး ယခင် စစ်တပ်အရာရှိဟောင်းဖြစ်သူ ယခုလက်ရှိ ဖါဆောင်းမြို့နယ် ကြံ့ခိုင်ရေးနှင့်ဖွံဖြိုးရေးပါတီ လွှတ်တော်အမတ် ဦးရဲထွန်းတင်မှ ဦးဆောင်၍ ၎င်း၏ကယားပြည်နယ်သတ္တုကုမ္ပဏီမှ တူးဖေါ်လုပ်ကိုင်နေသည်။ သတ္တုတွင်းလုံခြုံရေးအတွက် မြန်မာ့တပ်မတော် တပ်ရင်းနှစ်ရင်းဖြင့် လုံခြုံရေးတာဝန်ယူပေးနေသည်။

ဆယ့်သုံးကုန်းရွာတွင် နေထိုင်သူများသည် သတ္တုမိုင်းဖေါက်ခွဲခြင်းကြောင့် ၎င်းတို့၏အိမ်များအမြဲပုံမှန်တုန်ခါနေသဖြင့် သတ္တုတိုးချဲ့လုပ်ကိုင်လာပါက ၎င်းတို့နေထိုင်သည့်နေရာတွင် ဆက်လက်နေထိုင်ရန် အန္တရာယ် အလွန်များလာနိုင်သည်ကို စိုးရိမ်နေကြသည်။ လွန်ခဲ့သည့်နှစ်အတွင်း အမျိုးသမီးတဦးသည် မြေပြိုခြင်းကြောင့် နေအိမ်နှင့်အတူ အရှင်လတ်လတ် မြုပ်သွားခဲ့ရသည်။

"အန္တရာယ်ကြီးတဲ့ သတ္တုမိုင်းတွေကို ချက်ချင်း ပိတ်ထားရမယ်" ဟု မိုလိုကွန်ယက်အဖွဲ့၏ အမျိုးသမီးပြောရေးဆိုခွင့်ရှိသူ နော်အားမူမှ ပြောဆိုပါသည်။ သူမက ဆက်ပြီး "ဒေသခံလူထု အကာအကွယ်ရရှိရန်နှင့် အကျိုးခံစားမှုရှိရန်အတွက် ဥပဒေကြောင်းအရ အကာအကွယ်ပေးခြင်းများကို သေချာအောင်

မရှိသေးသ၍ ကျမတို့နယ်မြေတွေထဲမှာ နောက်ထပ် ဘယ်သတ္တုတူးဖော်ရေးလုပ်ငန်းကိုမှ မလိုချင်ဘူး ရှင့်”ဟု သူမကပြောပါသည်။

မိုလိုကွန်ယက်မှ ကရင်နီပြည်နယ်လူထုများအဖို့ မိမိတို့နေထိုင်ရာ နယ်မြေများအတွင်း သဘာဝသတ္တုများ ထုတ်ယူမှုနှင့်သုံးစွဲမှုအပေါ် ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်အခွင့်အရေးအားပေးထားနိုင်ရေးအတွက် နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြုပြင်ပြောင်းလဲရန် တောင်းဆိုပါသည်။

မော်ချီးသတ္တုတွင်းလုပ်ငန်းသည် ဗြိတိသျှကိုလိုနီခေတ်ကာလများ ကတည်းက ကမ္ဘာ့အဖြိုက်နက်သတ္တု ထုတ်လုပ်ရာ အဓိကအရင်းအမြစ်နေရာဖြစ်ခဲ့သည်။

အစီရင်ခံစာအပြည့်အစုံကို www.karenniwomen.org တွင် တက်ရောက်ကြည့်ရှုနိုင်ပါသည်။

ဆက်သွယ်ရန်ပုဂ္ဂိုလ်-

နော်အားမူ (ဖုန်း- ၀၈၁ ၃၆၆ ၀၆၂၁)